# ကမ္ဘောဇဘဏ် လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇဘဏ်) ၏ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်း ဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့် ငွေအပ်နှံသူများအနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျ လိုက်နာကြရမည် ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ စာရင်းသေအပ်ငွေစာရင်း ဝန်ဆောင်မှုအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်းများသည် ငွေအပ်နှံသူများ အနေဖြင့် အခါအားလျော်စွာပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ဝန်ခံအသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်းပင်ဖြစ်သည်။

## ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **"အလုပ်ဖွင့်ရက်"** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ် ပိတ်ရက် မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၂။ **"ဗဟိုဘဏ်"** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၃။ **"လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်း လက်မှတ်"** ဆိုသည်မှာ ကမ္ဘောဇဘဏ်မှ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်း စတင်ဖွင့်လှစ်သည့် ငွေပမာဏပေါ် မူတည်၍ စာရင်းပိုင်ရှင်အား ထုတ်ပေးသည့် တရားဝင် လက်မှတ်ဖြစ်ပြီး ၎င်းစာရင်းသေစာရင်းတွင် သက်ဆိုင်သော အတိုးနှုန်း၊ သက်တမ်းစေ့သည့်နေ့ရက်နှင့် သက်တမ်းတို့ကို ဖော်ပြခြင်းကိုဆိုလိုသည်။

၁.၄။ **"ငွေအပ်နှံသူ"** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်ထားရှိသည့် ငွေအပ်နှံသူတစ်ဦးကို ဆိုလိုသည်။

၁.၅။ **"စာရင်းသေအပ်ငွေစာရင်း"** ဆိုသည်မှာ ကမ္ဘောဇဘဏ် လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်း တစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး ထိုငွေစာရင်းသို့ ငွေအပ်နှံသူက သတ်မှတ်ထားသော ("စာရင်းသေအပ်ငွေသက်တမ်း") အချိန်အတိုင်းအတာအထိ ငွေအပ်နှံ ၍ လစဉ် ရရှိမည့် အတိုးကို အတိုးထုတ်ယူခြင်းပြုလုပ်သောငွေစာရင်း (Interest Pay Out Account) သို့ထည့်သွင်းပေးမည်ဖြစ်ပြီး သတ်မှတ်ထားသော ကာလပြည့်ချိန်တွင် အပ်နှံငွေ ထုတ်ယူနိုင်သည့် ဘဏ်စာရင်း အမျိုးအစားဖြစ်သည်။

၁.၆။ **"အတိုးနှုန်း"** ဆိုသည်မှာ စာရင်းပိုင်ရှင်မှ အပ်နှံသည့် စာရင်းသေစာရင်း၏ အချိန်ကာလအပိုင်းအခြားအပေါ် မူတည်၍ ငွေအပ်နှံသူ၏ အတိုးထုတ်ယူခြင်းပြုလုပ်သောငွေစာရင်း (Interest Pay Out Account)မှတဆင့် ရရှိမည့် သက်ဆိုင်ရာ အတိုးနှုန်းကို ဆိုလိုသည်။

၁.၇။ **"မိတ်ဆက်သူ"** ဆိုသည်မှာ ငွေအပ်နှံသူအသစ်များအတွက် ထောက်ခံသူအဖြစ်ဆောင်ရွက်ပေးသော ကမ္ဘောဇဘဏ်၌ အပ်ငွေစာရင်း ရှိပြီးသူ တစ်ဦးကိုဆိုလိုသည်။

၁.၈။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ဘဏ်ခွဲများအပါအဝင် ယခုလက်ရှိဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၉။ **"KYC"** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့်/သို့ အခြား အခွင့်အာဏာပိုင်များမှ အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ထုတ်ပြန်သော "သင်၏ ဖောက်သည်ကို သိပါ" ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များကို ဆိုလိုသည်။

၁.၁၀။ **"သက်တမ်းစေ့ရောက်ခြင်း"** ဆိုသည်မှာ သက်တမ်းကုန်ဆုံးသည့်နေ့ရက်ကိုဆိုလိုခြင်းဖြစ်သည်။

၁.၁၁။ **"မြန်မာကျပ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တရားဝင်အသုံးပြုသော ငွေကြေးကို ဆိုလိုသည်။

၁၊၁၂။ **"သက်တမ်း"** ဆိုသည်မှာ ငွေအပ်နှံသူမှ ငွေကြေးအားအပ်နှံသည့် သတ်မှတ်အချိန်ကာလကို ဆိုလိုခြင်းဖြစ်ပြီး ၎င်းသည် စာရင်းသေအပ်ငွေစာရင်း သို့ အနည်းဆုံးပမာဏဖြင့် အပ်နှံသည့်အချိန်မှစ၍ စတင်မည်ဖြစ်သည်။

၁၊၁၃။ **"အပ်နှံငွေ ဖြည့်သွင်းခြင်း ပြုလုပ်သော ငွေစာရင်း (Pay In Account)"** ဆိုသည်မှာ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်မည့် စာရင်းသေအပ်ငွေ အမျိုးအစားပေါ်မူတည်၍မိမိ၏အခြားသော ပုံမှန်အပ်ငွေစာရင်းအကောင့်များ (သို့မဟုတ်) ငွေစာရင်းအကောင့်များ (စာရင်းရှင်အပ်ငွေစာရင်း၊ ငွေစုဘဏ် အပ်ငွေစာရင်း၊ ခေါ်ယူအပ်ငွေစာရင်း) ထဲမှ ငွေစာရင်း တစ်ခုအား စာရင်းသေအပ်ငွေစာရင်း ထဲသို့ အပ်နှံ ငွေဖြည့်သွင်းရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ငွေစာရင်းဖြစ်သည်။

၁၊၁၄။ **"အပ်နှံငွေ ထုတ်ယူခြင်းပြုလုပ်သောငွေစာရင်း (Pay Out Account)"** ဆိုသည်မှာ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေ အမျိုးအစားပေါ်မူတည်၍ မိမိ၏အခြားသော ပုံမှန်အပ်ငွေစာရင်းအကောင့်များ (သို့မဟုတ်) ငွေစာရင်းအကောင့်များ (စာရင်းရှင်အပ်ငွေစာရင်း၊ ငွေစုဘဏ် အပ်ငွေစာရင်း၊ ခေါ်ယူအပ်ငွေစာရင်း) ထဲမှ ငွေစာရင်း တစ်ခုအား စာရင်းသေအပ်ငွေစာရင်း မှ သက်တမ်းကာလ ပြည့်သည့်အခါ အပ်နှံငွေ လွှဲပြောင်းထုတ်ယူရန် အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ငွေစာရင်းဖြစ်သည်။

၁၊၁၅။ **"အတိုးထုတ်ယူခြင်းပြုလုပ်သောငွေစာရင်း (Interest Pay Out Account)"** ဆိုသည်မှာ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေ အမျိုးအစားပေါ်မူတည်၍ မိမိ၏အခြားသော ပုံမှန်အပ်ငွေစာရင်းအကောင့်များ (သို့မဟုတ်) ငွေစာရင်းအကောင့်များ (စာရင်းရှင်အပ်ငွေစာရင်း၊ ငွေစုဘဏ်အပ်ငွေစာရင်း၊ ခေါ်ယူအပ်ငွေစာရင်း) ထဲမှ ငွေစာရင်း တစ်ခုအား စာရင်းသေအပ်ငွေစာရင်းအတွက် ငွေအပ်နှံသူ လစဉ်ရရှိမည့် သက်ဆိုင်ရာ အတိုးများကို လစဉ်ထည့်သွင်းပေးရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ငွေစာရင်းဖြစ်သည်။

၁၊၁၆။ **"Website"** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ်၏ website ကို ဆိုလိုသည်။

## ၂။ ကမ္ဘောဇဘဏ်၌ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်ခြင်း

၂၊၁။ ကမ္ဘောဇဘဏ်၌ စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်ရန်အတွက် ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်မှထုတ်ပေးမည့် သက်ဆိုင်သည့် ပုံစံအားလုံးကို ဖြည့်စွက်ကာ လိုအပ်သောစာရွက်စာတမ်းအားလုံးကို ပေးရမည်။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူမှ ပေးသော အချက်အလက်များနှင့် စာရွက်စာတမ်းများအားလုံးသည် မှန်ကန်၊ တိကျပြီး ငွေအပ်နှံသူမှ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိသော အချက်အလက်များအား ပေးခြင်းဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

၂၊၂။ ကမ္ဘောဇဘဏ်၌ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်မည့် ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေစာရင်းအား ဖွင့်လှစ်ရန်၊ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းတွင် ငွေဖြည့်သွင်းရန်နှင့် ငွေထုတ်ယူရန် လုပ်ဆောင်မည့် ကိစ္စရပ်တိုင်းအတွက် အမျိုးသား မှတ်ပုံတင်ကတ် (NRC) ကို ကမ္ဘောဇဘဏ်သို့ယူဆောင် လာရမည်ဖြစ်ပြီး ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်တွင် အပ်နှံငွေဖြည့်သွင်းရန်၊ အပ်နှံငွေထုတ်ယူရန် နှင့် အတိုးထုတ်ယူရန် အတွက် အပ်နှံငွေ ဖြည့်သွင်းခြင်း ပြုလုပ်သော ငွေစာရင်း (**Pay In Account**) ၊ အပ်နှံငွေထုတ်ယူခြင်း ပြုလုပ်သော ငွေစာရင်း (**Pay Out Account)** နှင့် အတိုးထုတ်ယူခြင်း ပြုလုပ်သောငွေစာရင်း **(Interest Pay Out Account)** များအဖြစ်ဆောင်ရွက်ရန် ကမ္ဘောဇဘဏ် သို့ပေးထားရမည်။

၂၊၃။ စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်မည့် ငွေအပ်နှံသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး စာရင်းသေအပ်ငွေ စာရင်းဖွင့်လှစ်ရန် ပဋိညာဉ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂၄။ စာရင်းသေအပ်ငွေစာရင်းဖွင့်သည့်အခါ ငွေအပ်နှံသူကို ကမ္ဘောဇဘဏ်ခွဲတွင် စာရင်းဖွင့်လှစ်ထားရှိပြီးဖြစ်သော ငွေအပ်နှံသူများမှ မိတ်ဆက်သူ ၂ ဦးအဖြစ် ထောက်ခံရမည်။

၂၅။ လူတစ်ဦး၏အမည်ဖြင့် ပိုင်ဆိုင်သော လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းအားလုံးကို ထိုလူပုဂ္ဂိုလ်တစ်ဦးတည်းကသာ ဆောင်ရွက်ရမည်။ ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သောငွေစာရင်းများကို ထိုကုမ္ပဏီကအတည်ပြုပြီး တာဝန်ပေးအပ်ခြင်း ခံထားရသည့် လူပုဂ္ဂိုလ်/များက ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့တာဝန်ပေးအပ်ခြင်းခံထားရကြောင်း အတည်ပြုထားသည့်စာအား သက်သေအဖြစ် တင်ပြရမည် ဖြစ်သည်။

၂၆။ စာရင်းသေအပ်ငွေစာရင်း (တစ်ဦးချင်းစာရင်း (သို့မဟုတ်) တွဲဖက်စာရင်း) အား ကနဦးအပ်နှံငွေအဖြစ် အနည်းဆုံးငွေပမာဏ ငွေကျပ် ၁၀,၀၀၀ (ငွေကျပ်တစ်သောင်း) အပ်နှံခြင်းဖြင့် ငွေစာရင်းဖွင့်နိုင်ပြီး စီးပွားရေးလုပ်ငန်းသို့မဟုတ် အသင်းအဖွဲ့စာရင်း သေအပ်ငွေစာရင်းအား အနည်းဆုံးငွေပမာဏ ငွေကျပ် ၁၀၀,၀၀၀ (ငွေကျပ်တစ်သိန်း) အပ်နှံခြင်းဖြင့် ငွေစာရင်းဖွင့်နိုင် မည်ဖြစ်သည်။ စာရင်းသေအပ်ငွေစာရင်းအတွက် ထားရှိရမည့် ကနဦးအပ်နှံငွေပမာဏအား ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို မည်သည့် ကြိုတင်အကြောင်းကြားခြင်းမျှမရှိဘဲ ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင် ပြောင်းလဲသတ်မှတ်နိုင်သည်။

၂၇။ ကမ္ဘောဇဘဏ်သည် လစဉ်အတိုး ရရှိမည့် စာရင်းသေ အပ်ငွေစာရင်း လက်မှတ်အား ထုတ်ပေးမည်ဖြစ်ပြီး ၎င်းသည် သက်တမ်းနှင့် သက်ဆိုင်ရာ အတိုးနှုန်းအား ဖော်ပြပေးခြင်းဖြစ်သည်။

၂၈။ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော အသက် (၁၈)နှစ်ပြည့်ပြီးသူများသည် လစဉ်အတိုး ရရှိမည့်စာရင်းသေ အပ်ငွေစာရင်းအား ကို ပူးတွဲ၍ ဖွင့်လှစ်နိုင်သည်။ ထိုလစဉ်အတိုး ရရှိမည့်စာရင်းသေ အပ်ငွေစာရင်းအား ငွေဖြည့်သွင်းရန်နှင့် ငွေထုတ်ယူရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်းတို့၏ အပ်နှံငွေ ဖြည့်သွင်းခြင်းပြုလုပ်သောငွေစာရင်း (Pay In Account) မှ ပြုလုပ်ရမည် ဖြစ်ပြီး သက်တမ်းပြည့်ပါက အပ်နှံငွေ ထုတ်ယူခြင်းပြုလုပ်သောငွေစာရင်း (Pay Out Account) သို့ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ လူပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အရွယ်ရောက်သူများသည် တွဲဖက်၍ လစဉ်အတိုး ရရှိမည့်စာရင်းသေ အပ်ငွေစာရင်းအား ဖွင့်လှစ်ရာတွင် အပ်နှံငွေ ဖြည့်သွင်းခြင်းပြုလုပ်သော ငွေစာရင်း (Pay In Account)၊ လစဉ်အတိုး ထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း (Interest Pay Out Account) နှင့်သက်တမ်းပြည့်ပြီးပါက အပ်နှံငွေ ထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း(Pay Out Account) များတွင် ပါဝင်သော လူပုဂ္ဂိုလ်များသည် တူညီရမည် ဖြစ်သည်။

၂၉။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများသည်လည်း စာရင်းသေအပ်ငွေ စာရင်းများ ဖွင့်လှစ်နိုင်သည်။ ထိုအဖွဲ့အစည်း၏ အပ်နှံငွေ ဖြည့်သွင်းခြင်းပြုလုပ်သောငွေစာရင်း (Pay In Account တဆင့် ပြုလုပ်ရမည်ဖြစ်ပြီး သက်တမ်းပြည့်ပါက အပ်နှံငွေထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း (Pay Out Account) သို့ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသောစီးပွားရေး လုပ်ငန်း အဖွဲ့အစည်းများ၏ လစဉ်အတိုး ရရှိမည့်စာရင်းသေ အပ်ငွေစာရင်းအား ဖွင့်လှစ်ရာတွင် အပ်နှံငွေ ဖြည့်သွင်းခြင်း ပြုလုပ်သော ငွေစာရင်း (Pay In Account)၊ လစဉ်အတိုးထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း (Interest Pay Out Account) နှင့်သက်တမ်းပြည့်ပြီးပါက အပ်နှံငွေ ထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း(Pay Out Account) များတွင် ပါဝင်သော လူပုဂ္ဂိုလ်များသည် တူညီရမည် ဖြစ်သည်။

၂၁၀။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း စာရင်းသေအပ်ငွေ စာရင်းများ အနေဖြင့် ထိုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများသည်

မြန်မာနိုင်ငံအတွင်းတည်ရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ထားပြီး ဖြစ်ရမည် ဖြစ်သည်။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းအား ဖွင့်လှစ်မည် ဆိုပါက ဘဏ်မှ တောင်းဆိုသော လိုအပ်သော စာရွက်စာတမ်းများအား ပေးရမည်ဖြစ်သည်။ ကုမ္ပဏီ တစ်ခုက ပိုင်ဆိုင်သော ငွေစာရင်းများကို ထိုကုမ္ပဏီကအတည်ပြုပြီး တာဝန်ပေးအပ်ခြင်းခံထားရသည့် လူပုဂ္ဂိုလ်/များက ဆောင်ရွက်ရမည် ဖြစ်ပြီး ထိုသို့တာဝန်ပေးအပ်ခြင်း ခံထားရကြောင်း အတည်ပြုထားသည့်စာအား သက်သေအဖြစ် တင်ပြရမည် ဖြစ်သည်။

၂.၁၁။ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေ စာရင်းအား ငွေဖြည့်သွင်းခြင်းကို ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်း၏ အပ်နှံငွေ ဖြည့်သွင်းရန်အတွက် ငွေစာရင်း အပ်နှံငွေ ဖြည့်သွင်းခြင်းပြုလုပ်သောငွေစာရင်း (Pay In Account)၊ လစဉ်အတိုး ထုတ်ယူရန်အတွက် လစဉ်အတိုးထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း (Interest Pay Out Account) နှင့် သက်တမ်း စေ့ရောက်သည့် နေ့ရက်တွင် အပ်နှံထားသော အပ်နှံငွေထုတ်ယူ ခြင်းများကို ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်း၏ အပ်နှံငွေထုတ်ယူခြင်းပြုလုပ်သော ငွေစာရင်း (Pay Out Account) မှ တဆင့် ပြုလုပ်ရမည်ဖြစ်သည်။

၂.၁၂။ ငွေအပ်နှံသူသည် အပ်နှံငွေ ဖြည့်သွင်းခြင်းပြုလုပ်သောငွေစာရင်း (Pay In Account) မှ စာရင်းသေအပ်ငွေ စာရင်းသို့ ငွေလွှဲပြောင်းခြင်းတို့ဖြင့် အပ်နှံနိုင်မည်ဖြစ်ပါသည်။ ထိုသို့ လွှဲပြောင်းရာတွင် စာရင်းသေအပ်ငွေအမျိုးအစားပေါ်မူတည်၍ Pay In Account, Pay Out Account နှင့် Interest Pay Out Account သတ်မှတ်ချက်များ ထားရှိမည်ဖြစ်သည်။

၂.၁၃။ ကမ္ဘောဇဘဏ်သည် လုံလောက်သောအကြောင်းရှိပါက ငွေစာရင်းဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၂.၁၄။ ကမ္ဘောဇဘဏ်သည် စာရင်းသေအပ်ငွေစာရင်းတွင် ထည့်သွင်းထားသည့် အပ်နှံငွေပမာဏအပေါ်ပေးမည့် အတိုးနှုန်းနှင့် တွက်ချက်သည့် နည်းလမ်းများကို မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင် သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့အား ပြုလုပ်နိုင်သည်။

၂.၁၅။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူများဖွင့်လှစ်နိုင်သော စာရင်းသေအပ်ငွေစာရင်းအမျိုးအစားများနှင့် သက်တမ်းတို့ကို အခါအား လျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၂.၁၆။ ကမ္ဘောဇဘဏ်သည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက အများဆုံး ဖွင့်လှစ်ခွင့်ရှိသော ငွေစာရင်း အရေအတွက်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

## ၃။ ငွေစာရင်းလုပ်ငန်းဆောင်ရွက်မှု

၃.၁။ အပ်နှံသူသည် ငွေစာရင်းအမျိုးအစားပေါ်မူတည်၍ ကမ္ဘောဇဘဏ်မှသတ်မှတ်ထားသော အနည်းဆုံးလက်ကျန်ငွေ ပမာဏကို ထားရှိရန်လိုအပ်သည်။ ကမ္ဘောဇဘဏ်သည် လစဉ်အတိုးရရှိမည့် စာရင်းသေ အပ်ငွေစာရင်းတွင် ထားရှိရမည့် အနည်းဆုံး လက်ကျန်ငွေပမာဏအား မည်သည့်အချိန် တွင်မဆို ကမ္ဘောဇဘဏ်၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ပြောင်းလဲ သတ်မှတ်နိုင်သည်။

၃.၂။ လစဉ်အတိုးငွေအား လစဉ် စာရင်းစတင်ဖွင့်လှစ်သည့်ရက်နှင့် တူညီသောရက်တွင်ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။ အကယ်၍ လစဉ်လတိုင်းအတိုးထည့်သွင်းပေးမည့်ရက်သည် သက်တမ်းစေ့သည့်နေ့ထက် နောက်ကျပါက သက်တမ်းစေ့သည့်နေ့တွင် အတိုးထည့်ပေးမည် ဖြစ်ပါသည်။ လစဉ်လတိုင်းအတိုးထည့်သွင်းပေးမည့်ရက်သည်ပိတ်ရက်များဖြစ်ခဲ့ပါက ပိတ်ရက်ပြီးနောက်

ကျရောက်မည့် အလုပ်ဖွင့်ရက်နေ့တွင် ထည့်ပေးမည်ဖြစ်ပါသည်။ လစဉ်လတိုင်းအတိုးထည့်သွင်းပေးမည့်ရက်သည် ထိုလ၏နောက်ဆုံးရက်ထက်ကြီးပါက ထိုလ၏ နောက်ဆုံးရက်တွင်ထည့်သွင်းပေးမည်ဖြစ်ပါသည်။

၃။၃။ စာရင်းသေအပ်ငွေစာရင်း၏ သက်တမ်းနှင့် သက်ဆိုင်ရာ အတိုးနှုန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲများတွင်လည်းကောင်း၊ ကမ္ဘောဇဘဏ်၏ Official Website တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍ ဆက်သွယ်စုံစမ်းမေးမြန်းရန် လိုအပ်ပါသည်။

၃။၄။ စာရင်းသေအပ်ငွေစာရင်း၏ အတိုးနှုန်းသည် ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းသော ဆုံးဖြတ်ပိုင်ခွင့်ဖြင့် မည်သည့်အချိန်တွင်မဆို ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

၃။၅။ ကမ္ဘောဇဘဏ်၏ အခကြေးငွေဇယားတွင် ဖော်ပြထားသည့် ငွေစာရင်းပေါ်တွင် ကောက်ခံရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ်များအား ကမ္ဘောဇဘဏ်မှ ကောက်ခံပိုင်ခွင့်ရှိသည်။

၃။၆။ စာရင်းသေအပ်ငွေစာရင်း၏ သက်တမ်းမစေ့ရောက်မီ စာရင်းပိတ်သိမ်းခြင်းအား ကမ္ဘောဇဘဏ်အနေဖြင့် ခွင့်ပြုမည် မဟုတ်ပါ။

## ၄။ လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းလက်မှတ်များ

၄။၁။ စာရင်းသေအပ်ငွေစာရင်းဖွင့်ပြီးနောက်၊ ငွေအပ်နှံသူကို လစဉ် အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်း လက်မှတ် ထုတ်ပေးမည်။

၄။၂။ လစဉ် အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းလက်မှတ်အား လုံခြုံစွာသိမ်းထားရန်မှာ ငွေအပ်နှံသူ၏ တာဝန်သာဖြစ်သည်။ လစဉ် အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းလက်မှတ်အား အထားမှားခြင်း၊ ပျောက်ခြင်း သို့မဟုတ် အခိုးခံရခြင်း ဖြစ်ပွားပါက၊ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်သို့ ချက်ချင်းစာဖြင့် အကြောင်းကြားရမည်။

၄။၃။ ငွေအပ်နှံသူသည် လစဉ် အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းလက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း အတွက် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အခကြေးငွေပေးဆောင်ကာ အသစ်ထုတ်ပေးရန် တောင်းခံခွင့်ရှိသည်။

## ၅။ သက်တမ်းနှင့် သက်တမ်းစေ့မည့်နေ့ရက်

၅။၁။ သက်တမ်းသည် စာရင်းသေအပ်ငွေစာရင်းသို့ သဘောတူညီချက်နှင့်အညီ သဘောတူထားသည့် ငွေပမာဏအား ထည့်သွင်းအပ်နှံသည့်နေ့ရက်တွင် စတင်မည်ဖြစ်သည်။ သက်တမ်းစေ့မည့် နေ့ရက်သည် အလုပ်ဖွင့်ရက်အတွင်း ကျရောက်ခဲ့ခြင်း မရှိပါက စာရင်းသေအပ်ငွေစာရင်းမှ ပြန်လည်ပေးအပ်ခြင်းအား ကမ္ဘောဇဘဏ်၏ အလုပ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် ပေးအပ်ရမည်ဖြစ်ပါသည်။

၅။၂။ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေစာရင်း ဖွင့်လှစ်သည့်အချိန်တွင် သတ်မှတ်ခဲ့သောသက်တမ်းစေ့ရောက်မည့်နေ့ရက်တွင် စာရင်းသေအပ်ငွေစာရင်းအား အလိုအလျောက် ပိတ်သိမ်းခြင်း (သို့မဟုတ်) အလိုအလျောက် Auto Rollover ဖြင့် သက်တမ်းတိုးခြင်း ဖြစ်ပေါ်မည်ဖြစ်သည်။

## ၆။ စာရင်းသေအပ်ငွေစာရင်းအား သက်တမ်းတိုးခြင်း

ငွေအပ်နှံသူသည် အောက်ပါကိစ္စရပ်များဆောင်ရွက်လိုပါက သက်တမ်းစေ့ရောက်မည့် နေ့ရက်မတိုင်မီ အနည်းဆုံး (၁၄) ရက်ကြိုတင်၍ စာဖြင့်ရေးသားထားသော ညွှန်ကြားချက်အား ကမ္ဘောဇဘဏ်သို့ ပေးပို့ရမည် ဖြစ်သည်။

၆။၁။ စာရင်းသေအပ်ငွေစာရင်းအား သက်တမ်းတိုးခြင်း၊ သို့မဟုတ်

၆.၂။ သက်တမ်းစေ့ရောက်မည့်နေ့ရက်တွင် စာရင်းသေအပ်ငွေစာရင်းအား ပိတ်သိမ်းခြင်း။

၆.၃။ အကယ်၍ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေစာရင်းအား သက်တမ်းတိုးရန်ဆန္ဒရှိပါက စာရင်းသေအပ်ငွေစာရင်းအား ကမ္ဘောဇဘဏ်အနေဖြင့် တူညီသောသက်တမ်းဖြင့် သက်တမ်းတိုးသည့်အချိန်ရှိ အတိုးနှုန်းဖြင့် သက်တမ်းတိုးပေးနိုင်မည် ဖြစ်သည်။

၆.၄။ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းသော ဆုံးဖြတ်ချက်ဖြင့် အတိုးနှုန်းအား ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

## ၇။ ပြန်လည်ပေးအပ်ခြင်း

ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေစာရင်းကို သက်တမ်းတိုးရန်ရွေးချယ်ခြင်းမရှိပါက အပ်နှံထားသောငွေ သို့မဟုတ် ထည့်သွင်းထားသောငွေအား သက်တမ်းစေ့ရောက်သည့်နေ့ရက်တွင် ကမ္ဘောဇဘဏ်ရှိ ငွေအပ်နှံသူ၏ အပ်နှံငွေ ထုတ်ယူခြင်း ပြုလုပ်သောငွေစာရင်း (Pay Out Account) သို့ လွှဲပြောင်းထည့်သွင်း ပေးသွားမည်ဖြစ်သည်။ သက်တမ်းမစေ့ရောက်မီ စာရင်းပိတ်သိမ်းခြင်းအား ကမ္ဘောဇဘဏ်မှ ခွင့်ပြုမည်မဟုတ်ပါ။ စာရင်းပြောင်းနည်းဖြင့် ထုတ်ပေးပြီးပါက စာရင်းသေအပ်ငွေစာရင်းသည် အလိုအလျောက် ပိတ်သိမ်းသွားမည် ဖြစ်သည်။

## ၈။ လွှဲပြောင်းနိုင်မှု

၈.၁။ ငွေအပ်နှံသူသို့ ပေးအပ်ထားသည့် လစဉ်အတိုးရရှိမည့် စာရင်းသေအပ်ငွေစာရင်းနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများမှာ မည်သည့်အခြေအနေ၌မဆို လွှဲပြောင်းခွင့်မရှိဘဲ ငွေအပ်နှံသူတစ်ဦးတည်းကသာ အသုံးပြုရမည်။

၈.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကို ဆက်ခံသူ၊ လွှဲပြောင်း လက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

၈.၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူတစ်ဦး ရှုံးသွပ်သွားသည့်အခါတွင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေအပ်နှံသူအနေဖြင့် မိမိ၏အမှုကိစ္စများကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ၊ ၎င်းအား တရားဝင်အုပ်ထိန်းသူ (သို့မဟုတ်) တရားဝင် ကိုယ်စားလှယ်ကို ကမ္ဘောဇဘဏ်၏ သတ်မှတ်သည့် နည်းလမ်းများအတိုင်း အပ်နှံငွေကို ထုတ်ပေးရမည်။

၈.၄။ အရွယ်ရောက်ပြီးသူ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပို တွဲဖက်၍ ငွေစာရင်းဖွင့်လှစ်ထားသည့် ငွေစာရင်းပိုင်ရှင်များမှ တစ်ဦးဦး သေဆုံးသည့်အခါမျိုးတွင် ကျန်ရှိသူ ငွေစာရင်းပိုင်ရှင်(များ) (သို့မဟုတ်) အကျိုးခံစားခွင့်ရှိသူများမှ ငွေထုတ်ယူခွင့်ရှိသည်။

၈.၅။ အကျိုးခံစားခွင့် လွှဲအပ်ထားခြင်းမရှိသော ငွေအပ်နှံသူ သေဆုံးပါက အပ်နှံငွေလက်ကျန်ကို အမွေထိန်းစာလက်မှတ် (သို့မဟုတ်) အမွေဆက်ခံခွင့်လက်မှတ်အား တင်ပြခြင်းဖြင့်ဖြစ်စေ သို့မဟုတ် တင်ပြရန်မလိုဘဲဖြစ်စေ ကမ္ဘောဇဘဏ်မှသတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး (သို့မဟုတ်) ယင်းတို့ မရှိလျှင် မြေး (သို့မဟုတ်) ယင်းတို့မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။

## ၉။ ကြွေးမြီတာဝန်များ

ကမ္ဘောဇဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ ငွေအပ်နှံသူသည် စာရင်းသေအပ်ငွေစာရင်းမှနေ၍ သော်လည်းကောင်း၊ ယင်းစာရင်းထဲရှိ ငွေတစ်ခုခုမှသော်လည်းကောင်း၊ ကြွေးမြီတာဝန်တစ်ခုခု (သို့မဟုတ်) အခြားသော အဖွဲ့၏ အကျိုးစီးပွားတစ်ခုခု ဖန်တီးခြင်း၊ ဖြစ်ပေါ်ခွင့်ပြုခြင်းတို့ မဖြစ်စေရ။

## ၁၀။ နုတ်ယူပိုင်ခွင့်

ငွေအပ်နှံသူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့် အကြောင်းပြချက်ကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏ငွေစာရင်းတွင်ပိုနေသောငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုငွေများသည် ငွေအပ်နှံသူ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် နုတ်ယူနိုင်သည်။

## ၁၁။ စွန့်လွှတ်မှု

၁၁.၁။ ဤစည်းကမ်းချက်ပါ ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကိုကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းဟု မမှတ်ယူရပါ။ ထို့အတူ ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို တစ်ခုတည်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၁.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး (သို့မဟုတ်) ကုစားမှု တို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့်ထားခြင်း ဖြစ်သည်။

## ၁၂။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသောမလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်း များအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ငွေအပ်နှံသူသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ ကြုံတွေ့ရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်ကပေးသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ငွေအပ်နှံသူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၃။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၃.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ ပါဝင်သည့် transaction

များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၃၊၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကိုစီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်အားလုံးကို ငွေအပ်နှံသူကပေးအပ်ရမည်။

၁၃၊၃။ မည်သည့် transaction မျိုးအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ငွေအပ်နှံသူက ထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၁၄။ လျော်ကြေးအာမခံခြင်း

၁၄၊၁။ စာရင်းသေအပ်ငွေစာရင်း လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုကြောင့် ပေါ်ပေါက်လာရသည့် အခြားသောဆုံးရှုံးမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ငွေအပ်နှံသူက ချိုးဖောက်မှု၊ လိုက်နာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ၎င်း၏တာဝန်များ ဆောင်ရွက်ရာတွင် ငွေအပ်နှံသူမှ အမှားအယွင်းဖြစ်ခြင်း၊ ကိုယ်စားပြုခြင်း၊ ကိုယ်စားပြုမှုမှားယွင်းခြင်း၊ မသမာမှုပြုခြင်း၊ ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ မည်သည့် အခြားဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်ကတာဝန်မရှိစေရန်၊ ငွေအပ်နှံသူသည် သူ/သူမ၏ ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ကမ္ဘောဇဘဏ်ကို လျော်ကြေးပေးရန်၊ ကမ္ဘောဇဘဏ်အား ယင်းတို့မှ အကာအကွယ်ပေးရန်နှင့် ကမ္ဘောဇဘဏ်တွင် ထိခိုက်နစ်နာမှုမဖြစ်စေရန် ငွေအပ်နှံသူကသဘောတူသည်။

၁၄၊၂။ မည်သည့်အခြေအနေမျိုးတွင်မျှ စာရင်းသေအပ်ငွေစာရင်းနှင့်စပ်လျဉ်း၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက်ဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်က ငွေအပ်နှံသူကို ပေးရန် တာဝန်မရှိစေရ။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ပါ တာဝန်တစ်ခုခုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ငွေအပ်နှံသူအနေဖြင့် (တိုက်ရိုက်ဖြစ်စေ (သို့) သွယ်ဝိုက်၍ဖြစ်စေ) ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု၊ အငြင်းပွားမှု အစရှိသည့် ကိစ္စရပ်များအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရပါ။

၁၄၊၃။ ကမ္ဘောဇဘဏ်မှ ကောက်ခံရရှိသည့် ချက်လက်မှတ်၊ ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်း တစ်ခုပေါ်တွင် ငွေအပ်နှံသူ၏ ထောက်ခံချက် သို့မဟုတ် ထုတ်ပေးကြောင်း အာမခံချက်ဖြင့် ငွေအပ်နှံသူ၏ တောင်းဆိုဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၄၊၄။ ငွေအပ်နှံသူ၏ ကမ္ဘောဇဘဏ်ရှိ စာရင်းသေအပ်ငွေစာရင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များ လက်ခံခြင်း၊ ဖက်စ်ပေးပို့ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီလက်ထရောနစ် ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီးနောက်နှစ်ခုလုံးအပါအဝင်)နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြား အခြေခံသည့် ဥပဒေရေးရာစရိတ်အပါအဝင်) စသည်တို့အတွက် ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည် ဖြစ်သည်။

၁၄.၅။ စာရင်းသေအပ်ငွေစာရင်းကို ပိတ်သိမ်းလင့်ကစား အထက်ဖော်ပြပါ လျော်ကြေးအာမခံချက်များမှာ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

## ၁၅။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ လိုအပ်သည့် (သို့မဟုတ်) အထောက်အကူပြုသည်ဟုယူဆသည့်အခါ (ငွေအပ်နှံသူတစ်ဦးတည်း ဖြစ်စေ၊ အခြားသူများနှင့်ပူးတွဲ၍ဖြစ်စေ ကမ္ဘောဇဘဏ်မှရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီဆန်းစစ်မှုရည်ရွယ်ချက် အပါအဝင်) ငွေအပ်နှံသူနှင့် ဆိုင်သော အချက်အလက်များ၊ သူ/သူမ၏ ငွေစာရင်း (များ)၊ (သို့မဟုတ်) ရရန်ပိုင်ခွင့်များ (သို့မဟုတ်) ချေးငွေများနှင့် မည်သည့်အချက်အလက်မဆိုကို ငွေအပ်နှံသူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ်အားပေးခွင့်ပြုသည် -

၁၅.၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံတစ်ခုခု၊

၁၅.၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများနှင့်လျို့ဝှက်ထားရှိရန် တာဝန်နှင့်သက်ဆိုင်သည့် အခြားပုဂ္ဂိုလ်(များ)၊

၁၅.၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ (သို့မဟုတ်) ပြုပြင်ပေးသူ များ၊

၁၅.၄။ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်ရုံးချုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် ငွေအပ်နှံသူ (သို့မဟုတ်) ငွေအပ်နှံသူ၏ ငွေစာရင်းကဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများအပေါ် စီရင်ပိုင်ခွင့်ရှိသော စတော့အိတ်ချိန်း၊ ဈေးကွက် (သို့မဟုတ်) အာဏာပိုင်တစ်ခုခု၊

၁၅.၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် မေတ္တာရပ်ခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၅.၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် (သို့မဟုတ်) စွန့်စားရမှုများကို ရောင်းချရန် (သို့မဟုတ်) လွှဲအပ်ရန် (သို့မဟုတ်) မျှဝေရန် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဉ်ပြုရန် ကမ်းလှမ်းသူ တစ်ဦးဦး၊

၁၅.၇။ ငွေအပ်နှံသူ၏ ငွေစာရင်း(များ) (သို့မဟုတ်) ချေးငွေများ (သို့မဟုတ်) ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မ ဟုတ်) ပဋိညာဏ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ (သို့မဟုတ်) တတိယ အဖွဲ့ ဝန်ဆောင်မှုပေးသူများ အပါအဝင်)၊

၁၅.၈။ ငွေအပ်နှံသူနှင့်ဆက်ဆံရန် (သို့မဟုတ်) ငွေအပ်နှံသူကို ဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ငွေအပ်နှံသူ၏ ငွေစာရင်းများ၊ ချေးငွေများဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်၏ရုံးချုပ် (သို့မဟုတ်) အဖွဲ့ဝင်ကုမ္ပဏီကခန့်ထားသည့် (သို့မဟုတ်) အေးဂျင့်အဖြစ်ပါဝင်စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၅.၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် (သို့မဟုတ်) အထက်ပါဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ (သို့မဟုတ်) တတိယအဖွဲ့များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၅.၁၀။ ၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် ငွေအပ်နှံသူကပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/စည်းကမ်းထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေးအပ်ခြင်း။

## ၁၆။ အထွေထွေ

၁၆.၁။ ကမ္ဘောဇဘဏ်သို့ ငွေအပ်နှံသူကပေးထားသည့် ငွေအပ်နှံသူ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အမိကသက်သေခံစာရွက်စာတမ်းများ (မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ်စသည်) (သို့မဟုတ်) အခြားအချက်အလက် တစ်ခုခု အပြောင်းအလဲဖြစ်ပါက ငွေအပ်နှံသူသည် ဘဏ်သို့ ဖြစ်နိုင်သမျှဆောလျင်စွာ အကြောင်းကြားရမည်။

၁၆.၂။ ငွေအပ်နှံသူ၏ စာရင်းသေအပ်ငွေစာရင်းအား သက်တမ်းစေ့ရောက်၍ ငွေစာရင်းပိတ်သိမ်းချိန်တွင် ငွေအပ်နှံသူထံသို့ အပ်နှံငွေအားလုံးကို ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလွှဲပြောင်းပေး မည်ဖြစ်သည်။

၁၆.၃။ လုံလောက်သောအကြောင်းရင်းများအတွက် ငွေစာရင်းကို မည်သည့်အချိန်၌မဆို ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်ကာလအထိ လက်ကျန်ငွေ "သုည (၀)" ဖြစ်နေသော ငွေစာရင်းများကိုလည်း ကမ္ဘောဇဘဏ်ကပိတ်သိမ်းခွင့်ရှိသည်။

၁၆.၄။ ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အပ်ငွေစာရင်း နှင့်/သို့မဟုတ် အတိုးနှုန်း၊ သက်တမ်း၊ အနည်းဆုံးထားရှိရမည်လက်ကျန်ငွေပမာဏ၊ လုပ်ငန်းစဉ်တို့အား ဤတွင်ပါဝင်သောအချက်များသာဖြစ်သည်ဟု ကန့်သတ်ထား ခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို၊ ကြိုတင်အကြောင်းကြားခြင်းကို ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအား ဆောင်ရွက်ခွင့်ရှိသည်။

၁၆.၅။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံး ဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည် ဖြစ်သည်။

၁၆.၆။ ကမ္ဘောဇဘဏ်သည် ငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန် လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း ငွေအပ်နှံသူမှ သိရှိသဘောတူပါသည်။

၁၆.၇။ ငွေစာရင်းလုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာ ဆောင်ရွက်ရမည်ဖြစ်သည်။

## ၁၇။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ် ဖြင့်ဖြစ်စေပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင် ဖြစ်သည်။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည် မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၈။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ငွေအပ်နှံသူက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်း စည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ငွေအပ်နှံသူတွင် တာဝန် အပြည့်အဝရှိပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် ငွေအပ်နှံသူသည် ဤဝန်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းမဆို ဤပြောင်းလဲသွားသည့် စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁၉။ လွှဲပြောင်းခြင်း

ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ငွေအပ်နှံသူသည် ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သော ၎င်း၏အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များ တွင်ပါဝင်သော မည်သည့်အစိတ်အပိုင်းမဆိုအား ဖော်ဆောင်ရန်အတွက် မည်သည့် လက်ခွဲစာချုပ်ကိုမဆို ချုပ်ဆိုခြင်း မပြုရ။

## ၂၀။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား ဥပဒေနှင့်မညီသည့် မည်သည့် ရည်ရွယ်ချက်အတွက်မှ အသုံးပြုမည်မဟုတ်ကြောင်းကို ငွေအပ်နှံသူမှ အာမခံသည်ဖြစ်သည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ငွေအပ်နှံသူမှ သဘောတူသည် ဖြစ်သည်။

## ၂၁။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှု မရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည် ဖြစ်သည်။

## ၂၂။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများကလွှမ်းမိုးမည် ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်း စည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၃။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။